

International Labour Organization

100 1919·2019

# မြန်မာ့အထည်ချုပ်လုပ်ငန်းရှိ အမျိုးသမီးများ၏ ဇာတ်လမ်းအကြောင်းအရာများ

## မအေးသီရိခိုင် (အယ်လီနာ)

ကုန်ထုတ်လုပ်မှုပိုင်းဆိုင်ရာ အင်ဂျင်နီယာ ကြီးကြပ်ရေးမှူး ၊ ဆိုဖူဆစ်ခ် အထည်ချုပ်စက်ရုံ

အထည်ချုပ် လုပ်ငန်းအတွေ့အကြုံ- ၂ နှစ်ခွဲ

ထုတ်လုပ်မှုပိုင်းဆိုင်ရာမန်နေဂျာ အတွေ့အကြုံ- ၃ လ

အေးသီရိခိုင်အနေဖြင့် စွန့်ဦးတီထွင်သူတစ်ယောက်ဖြစ်ရန် ဦးတည်ရည်ရွယ် ကြိုးပမ်းခဲ့ခြင်းတော့မဟုတ်ပါ။သူမသည် ယခုလက်ရှိအလုပ်လုပ်လျက်ရှိသော စက်ရုံနှင့် တစ်နာရီခန့်ကြာ ဘက်စ်ကားဖြင့် သွားရသော သာမန်အိမ်ကလေးတွင် သူမ၏မိဘများနှင့်အတူနေထိုင်လျက် သမရိုးကျဘဝကို ဖြတ်သန်းခဲ့ခြင်းဖြစ်ပါသည်။ ကျောင်းနေအရွယ်တွင်လည်း ဉာဏ်ကောင်းသော ကျောင်းသူတစ်ယောက်အဖြစ် အသိအမှတ်ပြုခံခဲ့ရပြီး ပညာကို ကောင်းစွာ သင်ယူလေ့လာခဲ့ပါသည်။ ဤသည်မှာ သူမမိခင်၏ ပညာရေးနှင့်ပတ်သက်ပြီး အများနှင့်မတူသော ကောင်းမွန်သည့် ပြုစုစောင့်ရှောက်မှုကြောင့်လည်း ဖြစ်ပါသည်။ ကျွန်မ ငယ်စဉ် မူလတန်း ကျောင်းတက် ချိန်မှ အလယ်တန်းအထိကျွန်မ မိခင် မှ တခါတရံ အတူအတန်း လိုက် တက် လေ့ရှိခဲ့ပြီး အတန်း၏ နောက် ဆုံးတန်းမှ သင်ကြားသည့်မှတ်စု များကိုလိုက်လံမှတ်သား ပီးညအခါ ကျမ စာကြည့်ချိန်တွင် ထိုမှတ်စုများဖြင့် ကူညီပေးလေ့ရှိကြောင်း၊ မအေးသီရိခိုင်က ပညာရေးနှင့် ပတ်သက်ပြီး မိခင်၏ဂရုစိုက်မှုကို များစွာ ကျေးဇူးတင်ဂုဏ်ယူပါသည်။ မည်သည့် အတန်းဖော်သူငယ်ချင်းများ၏ မိခင်များမှ သူမ၏မိခင်ကဲ့သို့ စိတ်ရှည်စွာဖြင့် ဂရုစိုက်ပေးနိုင်ခဲ့သည်ကို မတွေ့ဖူးကြောင်းကိုလည်း ပြောပြခဲ့ပါသည်။


ထိုကဲ့သို့ ကြိုးစားအားထုတ်ခြင်းရလဒ်ကတက္ကသိုလ်တွင် သုံးနှစ်ကြာလေ့ လာသင်ကြားပြီးသည့်အချိန်တွင် မအေးသီရိခိုင်အားဓာတုနည်းပညာရပ် ဘွဲ့တစ်ခုကိုအောင်မြင်စွာရရှိစေခဲ့သည်။ ဘွဲ့ရပြီးသည့်နောက်တွင် သူမသည် အလုပ်ရှာရန် များစွာစိတ်အားထက်သန်နေခဲ့သည်။ ရန်ကုန်တွင် သူမ၏ ဘွဲ့၊ ပညာအရည်အချင်းနှင့် လျော်ညီသောအလုပ်တစ်ခု ရှာမရခင်အချိန်၌ သူမကဂျပန်စားသောက်ဆိုင်တစ်ခုတွင် ဧည့်ကြိုအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့ပါသည်။ သူမသည် ထိုအလုပ်ကိုရောင့်ရဲမနေခဲ့ပါ။ အလုပ်လုပ်နေစဉ်အချိန်တွင် သူမ၏ တက်လမ်းအတွက် အထောက်အကူပြုနိုင်မည့် အခွင့်အရေးကောင်းများကိုအစဉ်တစိုက် ရှာဖွေနေခဲ့သည်။ ပိုမိုကောင်းမွန်သောအလုပ်အကိုင်တစ်ခုရရှိရန်အတွက် အင်္ဂလိပ်ဘာသာစကားသင်တန်းတက်ရောက်ခဲ့သည်။ မအေးသီရိခိုင်သည် သူမ၏ အရည်အချင်းများတိုးတက်အောင် အဘက်ဘက်မှ ကြိုးစား ဖြည့်တင်းခဲ့ခြင်းဖြစ်သည်။

သိပ်မကြာခင်အချိန်တွင် သူမ၏အင်္ဂလိပ်စာသင်တန်းရှိ အတန်းဖော် တစ်ယောက် ကမအေးသီရိခိုင်အား အထည် ချုပ် စက်ရုံ တစ်ခုတွင် ဘာသာပြန်အလုပ် လျှောက်ရန် အကြံပြုခဲ့သည်။ ဘာသာပြန်အလုပ်သည် သူမ၏ ဘွဲ့နှင့်လျော်ညီမှု မရှိသော်လည်းယခုလက်ရှိအလုပ်ထက် ပို၍ စိတ်ဝင်စားစရာကောင်းပြီး လစာဝင်ငွေကောင်းမည်ဖြစ်သည်။ ဤသို့ဖြင့် မအေးသီရိခိုင်သည် ထိုအလုပ်ကို လျှောက်ထားခဲ့ပြီး အောင်မြင်စွာ ရွေးချယ်ခန့်အပ်ခြင်း လည်းခံခဲ့ရ သည်။ သူမသည် လွန်ခဲ့သော နှစ်အနည်းငယ် အတွင်း အထည် ချုပ် စက်ရုံနှစ်ရုံတွင် ဘာသာပြန်အဖြစ် လုပ်ကိုင် ခဲ့ပြီးတန်ဖိုးမဖြတ်နိုင်သောအတွေ့အကြုံများလည်းရရှိခဲ့သည်။ ထိုစက်ရုံများထဲမှ ပထမဆုံးသောစက်ရုံတွင် အ လုပ် လုပ်ကိုင်စဉ်အတွင်းသူမ၏ အနာဂတ် အသက် မွေး ကြောင်း အတွက် ဦးဆောင်လမ်းပြတစ်ဦး ဖြစ်သော သူမ အားကျ အတုယူရသည့် ဖိလစ်ပိုင်နိုင်ငံသူ အမျိုးသမီး တစ် ယောက် နှင့်လည်းတွေ့ဆုံခွင့် ရခဲ့ပါသည်။

ဖိလစ်ပိုင်နိုင်ငံသူမစ် ဂဲလ်လက် မှာကုန်ထုတ်လုပ်မှုပိုင်းဆိုင်ရာအင်ဂျင်နီယာတစ်ယောက်ဖြစ်ပါသည်။ အေးသီရိခိုင်က “ သူမကအလွန်ထူးချွန်ထက်မြက် ပြီး ကျွန်မကိုလည်းအများကြီးသင်ကြားပြသပေးခဲ့ပါတယ် ” ဟုပြောကြားခဲ့ပါသည်။ ထိုအချိန်ကသူမသည် မြန်မာနိုင်ငံတွင် စက်မှုအင်ဂျင်နီယာအဖြစ် လုပ်ကိုင် နေသော အနည်း ငယ်သောအမျိုးသမီးများထဲမှ တစ်ယောက်အပါအဝင်ဖြစ်ခဲ့သည်။အေးသီရိခိုင်သည် မစ် ဂဲလ်လက် နှင့် မတွေ့ဆုံခင်က မြန်မာ့လူမှုပတ်ဝန်းကျင်ရှိ လူအများ ထင်မြင် ယူဆသည့်အ တိုင်း အင်ဂျင်နီယာ အလုပ် သည် အမျိုးသားများနှင့်သာသက်ဆိုင်သည်ဟုတွေးထင်ခဲ့ဖူးသည်။

**“ ကျွန်မမစ် ဂဲလ်လက် နဲ့ တွေ့တဲ့အခါမှာအမျိုးသမီးတစ်ယောက်ကလည်းထက်မြက်ထူးချွန်တဲ့ အင်ဂျင်နီယာ တစ်ယောက်ဖြစ်နိုင်မှန်းသဘောပေါက်လာခဲ့တယ်။ ဒါကယောက်ျားဖြစ်ခြင်းမိန်းမဖြစ်ခြင်းဆိုတာနဲ့ မဆိုင်ဘဲ ကျွန်မတို့ရဲ့ ဖြစ်ချင်တဲ့ စိတ်ဆန္ဒနဲ့ ကြိုးစား အားထုတ်မှုပေါ်မှာပဲ မူတည်ပါတယ် ”**

ထိုအချိန်တွင်ပဲမအေးသီရိခိုင်သည် သူမ၏ အသက်မွေးဝမ်းကြောင်းအလုပ်နှင့်ပတ်သက်၍ ပြန်လည် သုံးသပ် နိုင် ခဲ့ပြီး မြန်မာ့ ဓလေ့ထုံးစံအရအမျိုးသမီးတစ်ယောက်အတွက် မသင့်တော် ဟုယူဆ ထားသော အလုပ်တစ်ခုကို အကောင်အထည်ဖော်လုပ်ကိုင်ရန် ဖြစ်နိုင်ချေရှိသည်ကိုသိမြင်လာခဲ့သည်။ သူမအနေဖြင့် အမျိုးသားများသာ ကြီးစိုးသောရာထူးနေရာတစ်ခုတွင် လုပ်ကိုင်ခြင်း၏ နောက်ဆက်တွဲဆိုးကျိုးများနှင့် ပတ်သက်၍ အနည်းငယ် စိုးရိမ်မှု ရှိခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူသူမဘာသာပြန်အဖြစ် အလုပ်လုပ်ခဲ့စဉ်ကတည်းက ဝါသနာပါခဲ့သော ကုန်ထုတ်လုပ်မှု အင်ဂျင်နီယာပညာရပ်ကိုစတင်လေ့လာခဲ့သည်။ ညနေခင်းအလုပ်ဆင်းချိန်တွင် စာအုပ်များ ဖတ် ၍ သော်လည်းကောင်း အထည်ချုပ်စက်ရုံတွင် အလုပ်လုပ်စဉ် မစ်ဂဲလက်ထံမှ သော်လည်းကောင်း အခွင့်အရေး ရလျှင် ရသလိုသင်ယူလေ့လာခဲ့သည်။မစ်ဂဲလက်ထံတွင် သူမအတွက် စိတ်ဝင်စားစရာကောင်းသည့် အသစ် အ သစ် သောသင်ယူလေ့လာစရာပေါင်းများစွာရှိသည်။ ထိုသို့ဖြင့်



မအေးသီရိခိုင်သည် သူမ၏ ရှေ့ဆောင် လမ်းပြ ဖြစ်သော မစ် ဂဲလ်လက်နှင့် အတူအလုပ်လုပ်ကိုင်ရင်းဖြင့် သူမ၏ ရည်ရွယ်ချက်ပန်းတိုင်ဖြစ်သော အသက် မွေး ဝမ်း ကြောင်း လုပ်ငန်းသစ်တစ်ခုကိုစတင်လျှောက်လှမ်းရန်အတွက် ယုံကြည်မှုများရရှိလာခဲ့သည်။

နှစ်နှစ်ခွဲခန့်ကြာပြီးနောက်တွင်သူမ၏ မိတ်ဆွေတစ်ယောက်က ဆူကျုံးဆစ် အထည်ချုပ်စက်ရုံတွင် ကုန်ထုတ်လုပ်မှုပိုင်းဆိုင်ရာအင်ဂျင်နီယာအလုပ်ရနိုင်ကောင်းပြောကြားလာသည်။ မအေးသီရိခိုင် သည့် အခွင့် အရေး ကိုလက်လွှတ်မခံဘဲထိုအလုပ်ကိုလျှောက်ခဲ့သည်။ သူမ၏ စဉ်ဆက်မပြတ် ကြိုးစားအားထုတ်မှု၊ လေ့လာ သင်ယူမှု၊ ဘာသာစကားကျွမ်းကျင်မှု၊ လုပ်ငန်းအတွေ့အကြုံရှိမှုတို့ကောင့် သူမအားယခုလက်ရှိရာထူးအတွက် ရွေးချယ်ခံခဲ့ရသည်။

ရာထူးနေရာအသစ်တစ်ခုတွင် လုပ်ကိုင်ရသည့်အချိန်မှစ၍လုပ်ငန်းခွင်တွင် အဘက်ဘက်မှ စိန်ခေါ်မှုများ စွာ တွေ့ကြုံခဲ့ရသည်။ သူမအနေဖြင့် တိုက်ရိုက် ခွဲခြားဆက်ဆံမှုများကိုရင်မဆိုင်ခဲ့ရသော်လည်းသူမ၏ လုပ်ငန်းစွမ်းဆောင်ရည်နှင့်ပတ်သက်ပြီးလုပ်ကိုင်နိုင်ကြောင်းကိုမှုသက်သေပြခဲ့ရသည်။ ယခုလက်ရှိရာထူးသည် သူမအတွက် အသစ်ဖြစ်သောကြောင့် လုပ်ဖော်ကိုင်ဖက်တချို့က သူမ၏ လုပ်ကိုင်ဆောင်ရွက်ပုံနှင့် ပတ်သက်၍ လက်မခံလိုမှု ၊ သဘောထားကွဲလွဲမှုများရှိနေဆဲဖြစ်သည်။ ထို့သို့ဖြစ်ခြင်းမှာမအေးသီရိခိုင်၏ကုန်ထုတ်လုပ်မှု အင်ဂျင်နီယာဆိုင်ရာ သင်တန်းအများစုမှာမစ်ဂါးလတ်နှင့် အလုပ်တွဲလုပ်ခဲ့သည့် လုပ်ငန်းအတွေ့အကြုံများမှ ရရှိခဲ့ခြင်းသာ ဖြစ်သည့် အတွက်ကြောင့်သော် လည်းကောင်းသူမတွင် အများကယုံကြည်ကိုးစားမှုအတွက် အထောက်အကူပြုသည့် သက်ဆိုင်ရာ အင်ဂျင်နီယာ ဘွဲ့ မရှိခြင်းကြောင့်လည်းကောင်း ဖြစ်သည်ဟု ယူဆ ကြောင်း ပြောကြားခဲ့ပါသည်။ သို့သော်လည်းမအေးသီရိခိုင်သည် ထိုစိန်ခေါ်မှု အခက်အခဲ များကို ကြောက်ရွံ့တုန် လှုပ်ခြင်းမရှိခဲ့ပါ။

သို့သော်လည်း သူမက ထိုစိန်ခေါ်မှုများကို မကြောက်ရွံ့ဘဲ ဆက်လက်ကြိုးစားနေဆဲဖြစ်ပါသည်။ အလုပ်သစ် ဖြစ်သောကုန်ထုတ်လုပ်မှုပိုင်းဆိုင်ရာအင်ဂျင်နီယာကြီးကြပ် တစ်ယောက်အနေဖြင့် ထုတ်လုပ်မှုလိုင်း efficiency %တက်ရန်၊ Operators များ၏ ထုပ်လုပ်နိုင်စွမ်းကို တွက်ချက်တိုင်းတာခြင်း၊ကုန်ထုတ်လုပ်မှု လုပ်ငန်း    စဉ် လည်ပတ်မှုတိုးတက် ရန် နည်းလမ်းရှာခြင်း ၊ နမူနာအထည်၏ SMV တွက်ချက်ခြင်းနှင့် ထုတ်လုပ်မှုလိုင်း၏ ပုံစံနေရာချမှု ပိုမို အဆင်ပြေချောမွေ့စေရန် အစရှိသည်. တာဝန်များကိုဆောင်ရွက်ရပါသည်။ ဤအလုပ်သည် ရှုပ်ထွေးပြီး ပညာသားပါသော အလုပ်ဖြစ်သည်။ မအေးသီရိခိုင်အနေဖြင့် အစည်းအဝေးများ တက်ရခြင်း ၊ လုပ်ဖော်ကိုင်ဖက်များ၊ စက်လိုင်းထဲရှိ ချုပ်လုပ်သူများနှင့် တိုင်ပင်ညှိနှိုင်းပြောဆိုရခြင်း ၊ ကွန်ပျူတာသုံးပြီး အလုပ်လုပ်ရခြင်း စသည့် တာဝန်များနှင့် အမြဲ အလုပ်ရှုပ်နေသော်လည်း သူမကို ကြည့်ရသည်မှာ အေးဆေးတည်ငြိမ်ပြီး အလုပ်ကို အပြည့်အဝ အာရုံစိုက်ကြောင်း သိသာလှပါသည်။ သူမက လုပ်ငန်းခွင်တွင် အများသူငါထက် ပိုမိုကျွမ်းကျင်ကြောင်း ပြသနိုင်ရန်အတွက် အလုပ်ကို ပိုမို အားစိုက်လုပ်ကိုင်ကြောင်းလည်း ပြောကြားပါသည်။ သူမအတွက် အခြားသူများကို သူမ၏လုပ်ငန်းစွမ်းဆောင်ရည်နှင့် ပတ်သက်ပြီး သက်သေပြရန်လိုအပ်သည်ဟု ခံစားသိရှိထားသော်လည်း တစ်ဖက်တွင် သူမ၏ကိုယ်ပိုင်စွမ်းရည်များကို ယုံကြည်မှုရှိပြီး ပေးအပ်သော လုပ်ငန်းတာဝန်ကိုပြီးမြောက်အောင် လုပ်ဆောင်နိုင်ခဲ့ခြင်းများအပေါ် ဂုဏ်ယူကြောင်းလည်း ရှင်းရှင်းလင်းလင်း သိမြင်ရပါသည်။ သူမ၏ လုပ်ဆောင်မှုကြောင့် စက်လိုင်းတွင် ထုတ်လုပ်မှုများ တိုးတက်မှုရလဒ်များ ရရှိလာကြောင်း ရှင်းပြသောအခါတွင် သူမ၏ မျက်နှာ၌ နှစ်လိုဖွယ်ကောင်းသော အပြုံးကို မြင်တွေ့ရပါသည်။ မအေးသီရိခိုင်သည် သူမ၏အလုပ်ကို ဂုဏ်ယူချစ်မြတ်နိုးသည်မှာ ထင်ရှားလှပါသည်။

**" အစပိုင်းမှာတော့ အမျိုးသားတွေက ကျွန်မကိုလက်ရှိ တာဝန်ယူရတဲ့ လုပ်ငန်းတွေနဲ့ပတ်သက်ပြီးလုပ်နိုင်မယ် လို့ မယုံကြည်ခဲ့ကြပါဘူး။ ဒါပေမယ့် ကျွန်မကသူတို့လိုပဲ အလုပ်ကိုတန်းတူလုပ်ရင်း ကျွန်မရဲ့ ကျွမ်းကျင်မှု တွေကို သက်သေပြသွားမှာပါ "**

အထည်ချုပ်လုပ်ငန်းကဏ္ဍတွင် အေးသီရိခိုင်၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းလမ်းကြောင်းမှာ မြန်မာနိုင်ငံရှိအမျိုးသမီးတစ်ယောက်အတွက်ဖြစ်ရိုးဖြစ်စဉ်တစ်ခုတော့မဟုတ်ခဲ့ပါ။ အမျိုးသမီးသမီးအများစုက အထည်ချုပ်လုပ်ငန်းတွင်အလုပ်ရှာခြင်းမှာစားဝတ်နေရေးအတွက်အမျိုးသမီးနှင့်သင့်တော်သောအလုပ်ဖြစ်သည်ဟုယူဆကြသည့်အတွက်ကြောင့်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ အေးသီရိခိုင်ကမူအထည်ချုပ်စက်ရုံတွင် ချုပ်လုပ်သူတစ်ယောက်အဖြစ်လုပ်ကိုင်ခြင်းကိုမနှစ်သက်ပါ။ အထည်ချုပ်လုပ်ငန်းတွင် အမျိုးသမီး အများစုလုပ်ကိုင် ခြင်းမှာလည်းအမှန်တကယ် စိတ်ဝင်တစားလုပ်လိုခြင်းကြောင့်မဟုတ်ဘဲသူမတို့အတွက် မျှော်မှန်းထားသည့် အတိုင်း အလုပ်ရရန်လွယ်ကူခြင်းကြောင့်ဖြစ်သည်ဟုသူမကယူဆပါသည်။ ထိုသူတို့သည် အလုပ်ဆင်းချိန်တွင် တခါတရံပင်ပန်းနွမ်းနယ် နေပြီးရာထူးတိုးရန် သို့မဟုတ် အတတ်ပညာပိုင်းဆိုင်ရာပိုမိုကောင်းမွန်သောနေရာတစ်ခုသို့ ပြောင်း ရွှေ့ နိုင်ရန်အတွက် လိုအပ်သောအားစိုက်ထုတ်မှုများကိုလုပ်ဆောင်လိုစိတ် မရှိကြတော့ချေ။ မအေးသီရိခိုင်က"အရိုးသားဆုံးပြောရမယ်ဆိုရင် အနာဂတ်မှာကလေးတွေ ရှိလာတဲ့အခါ  ကျွန်မရဲ့



သမီးကိုအထည်ချုပ်လုပ်ငန်းမှာ ချုပ်လုပ်တဲ့အလုပ်လုပ်ဖို့ကိုအားမပေးလိုပါဘူး ။ သူမကိုယ်တိုင်လည်း အထည်ချုပ်လုပ် ရတာကိုမကြိုက်ဘူးဆိုရင်ပေါ့” ဟုပြောခဲ့ပါသည်။

သို့သော်လည်းမအေးသီခိုင်၏ဇာတ်လမ်းအကြောင်းအရာက မြန်မာနိုင်ငံရှိအထည်ချုပ်လုပ်ငန်းတွင် အမျိုးသမီးများ အတွက် အသက်မွေးဝမ်းကြောင်းလုပ်ငန်းသစ်များလည်း လမ်းကြောင်း ပွင့်နေပြီဖြစ်ကြောင်း ဖော်ပြနေပါသည်။ အထည်ချုပ်လုပ်ငန်းတွင် အမျိုးသမီးလုပ်သားအချိုးပိုများသည့်အလျောက် တခြားသောအမျိုးသားများ ကြီးစိုးသည့် စက်ရုံများနှင့် ယှဉ်လျှင်အမျိုးသမီးများအတွက် အကြီးတန်းရာထူးများ ( ဓလေ့ထုံးစံအရအမျိုးသားများသာနေရာယူထားသောရာထူးများ) ကိုရရှိရန် အခွင့်အလမ်းပိုများသည်ဟုသူမကယူဆသည်။

မအေးသီရိခိုင်က မြန်မာနိုင်ငံရှိအမျိုသမီးများသည် ရှေးရိုးစွဲဆန်ပြီးအပြောင်းအလဲလုပ်ရန် ကြောက်ရွံ့မည်ကိုစိုးရိမ်သော်လည်းကုန်ထုတ်လုပ်မှုကဏ္ဍတွင် မစ်ဂဲလ်လက် ကဲ့သို့သော အမျိုးသမီးများ ပိုမိုများ ပြား လာ မည်ဆိုလျှင် အခြေအနေသည် တစ်မျိုးပြောင်းလာနိုင်သည်ဟုယူဆကြောင်းပြောကြားပါသည်။မအေးသီရိခိုင်သည် မြန်မာနိုင်ငံရှိအမျိုးသမီးများအတွက် အထည်ချုပ်လုပ်ငန်းတွင် အချိန်ကာလတစ်ခုအကြာနေရာယူထားသည့်ကျား မ ကဏ္ဍကိုစိန်ခေါ် လုပ်ကိုင်နေသောမျိုးဆက်သစ်လူငယ်တစ်ယောက် ဖြစ်ပါသည်။ အေးသီရိခိုင်က သူမ အားကျ အတု ယူ ကြိုးစားခဲ့သကဲ့သို့ ထုံးတမ်းစဉ်လာအတိုင်းမဟုတ်သည့် အသက်မွေးဝမ်းကြောင်းမှုနှင့် ပတ်သက်ပြီး သူမအား စက်ရုံရှိ တခြားသောအမျိုးသမီးများမှလည်းအားကျအတုယူနိုင်စေရန် လုပ်ဆောင်နိုင်မည် ဟု မျှော်လင့် ထား ပါသည်။

စက်ရုံရှိကုန်ထုတ်လုပ်မှုပိုင်းဆိုင်ရာအင်ဂျင်နီယာဌာနတွင် ဆက်လက်လုပ်ကိုင်ခြင်းဖြင့် သူမအတွက် စက်မှု အင်ဂျင်နီယာဘာသာရပ်နှင့်ပတ်သက်သောဗဟုသုတများ နှင့် အတွေ့အကြုံများပိုမိုရရှိနိုင်သော အခွင့်အရေးကောင်း တစ်ရပ်ဖြစ်ပါသည်။ အတွက် သူမ၏ အသက်မွေးဝမ်းကြောင်းအလုပ်နယ်ပယ်ကို ချဲ့ထွင်ရန်အတွက် အ ထောက် အကူပြုရန်အလို့ငှာသူမသည် အားလပ်ချိန်များတွင် တရုတ်ဘာသာနှင့် ဂျပန်ဘာသာကိုလည်းသင်ယူလျှက်ရှိသည်။

သူမကနောင်တချိန်တွင် ကိုယ်ပိုင်စက်ရုံငယ်လေးတစ်ခုတည်ထောင်ရန် အိပ်မက်ရှိပြီးသူမ၏ ကျွမ်းကျင်မှုမျာ းကိုထိုလုပ်ငန်းတွင် ကောင်းစွာအသုံးချမည်ဖြစ်မည်။ သူမ၏အိပ်မက်အကောင်အထည်ဖော်ရန်အတွက် အတတ် ပညာအသစ်များကိုဆက်လက်လေ့လာရမည်ဖြစ်ပြီးသူမ၏အလုပ်တွင် တဖြည်းဖြည်းပိုတိုး၍ကျွမ်းကျင်လာရန် လိုအပ်သည်ကိုလည်းအေးသီရိခိုင်အနေဖြင့် သိရှိထားပြီးဖြစ်ပါသည်။ ထို့ပြင် ဖြစ်နိုင်ချေရှိသည်မှာတစ်နေ့တွင် သူမသည် ကုန်ထုတ်လုပ်မှု အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာဘွဲ့ကိုရယူရန် တက္ကသိုလ်သို့ပြန်လည် တက်ရောက် ပါလိမ့်မည်။

မအေးသီရိခိုင်ကသူမထံအကြံဉာဏ်တောင်းလာသောအမျိုးသမီးများကိုလည်းကိုယ့်အိပ်မက်ကိုယ်အကောင်အထည် ဖော်ရန်နှင့်အလုပ်တစ်ခုမရွေးချယ်ခင်ထိုအလုပ်နှင့်ပတ်သက်ပြီးကိုယ့်အနေဖြင့်လေးစားအားကျအတုယူရသည့် အရာက ဘာလဲဆိုသည်ကိုစဉ်းစားရန်အားပေးလေ့ရှိသည်။ သူမသည်ယခုရာထူးတွင် လုပ်ကိုင်သည်မှာ မကြာသေး သော်လည်း သူမချစ်မြတ်နိုးသည့်အလုပ်တစ်ခုဖြစ်ကြောင်းသိရှိခဲ့သည်။ထိုအရာကသူမအားအလုပ်ကြိုးစားရန်နှင့်အောင်မြင်ရန် အတွက်လည်းစိတ်အားတက်ကြွစေသည်။တစ်စုံတစ်ယောက်ကဖက်ရှင်ဒီဇိုင်နာတစ်ယောက်သို့မဟုတ်ကုန်ထုတ် လုပ်မှု ဆိုင်ရာမန်နေဂျာတစ်ယောက် ဖြစ်လိုပါကထိုသူသည်စက်ချုပ်သမတစ်ယောက်အဖြစ် စတင်လုပ်ကိုင်နေရသည့်တိုင် မိမိဖြစ်ချင်သည့်အရာကိုစိတ်ထဲတွင် စွဲမြဲစွာတွေးထားပြီးမဖြစ်မချင်း ကြိုးစားသင့်သည်။ “ ဒါပေမယ့် သင့်မှာစာဖိုမှူး ဖြစ်ချင်တဲ့အိပ်မက်ရှိနေတယ်ဆိုရင်တော့ စက်ချုပ်တဲ့သူတစ်ယောက်အဖြစ် မလုပ်လာပါနဲ့ ” ဟုလည်းအေးသီရိခိုင်ကဟာသတစ်ခုပြောခဲ့ပါသည်။

**“ တကယ်လို့ တစ်စုံတစ်ယောက်ကသူတို့ရဲ့ အသက်မွေးဝမ်းကြောင်း လုပ်ငန်းနဲ့ပတ်သက်ပြီး ကျွန်မကိုအကြံဉာဏ်တောင်းခဲ့ရင် ..... အမြဲတမ်းသင်ယူလေ့လာပြီးအပြောင်းအလဲလုပ်ဖို့ မကြောက်ပါနဲ့လို့ အားပေးချင်ပါတယ်။ ”**

ဤကိုယ်ရေးရာဇဝင် စာတမ်းကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း ( ILO ) ၏ “ မြန်မာ့ အထည်ချုပ်လုပ်ငန်းတွင် စံချိန်စံညွှန်းပြည့်မီကောင်းမွန်သော အလုပ်နှင့် ရေရှည် ဖွံ့ဖြိုးမှုကိုရှေးရှုသော အလုပ်သမားများနှင့် ဆက်ဆံရေးကို တိုးတက်အောင်ပြုလုပ်ခြင်း” ( ILO-GIP) စီမံကိန်းအတွက် Factive Consulting မှ ထုတ်ဝေခြင်း ဖြစ်ပါသည်။ ILO-GIP ၏ရည်ရွယ်ချက်မှာ အထည်ချုပ်လုပ်ငန်းတွင် အလုပ်သမားများနှင့် ဆက်ဆံရေး၊ လူမှုရေး တွေ့ဆုံဆွေးနွေးမှု၊ နှင့် ကျားမ တန်းတူညီမျှမှု တို့ကို တိုးတက်အောင်ပြုလုပ်လုပ်ခြင်းဖြင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများကို စွမ်းဆောင်ရည် မြှင့်တင်ပေးရန်နှင့် ဆင်းရဲမွဲတေမှုကို လျှော့ချရန် ဖြစ်သည်။ ယခုစီမံကိန်းကို Swedish International Development Cooperation Agency (Sida) နှင့် H&M တို့မှ ရန်ပုံငွေထောက်ပံ့ခြင်း ဖြစ်သည်။ အသေးစိတ်သိရှိလိုပါက https://bit.ly/ilo-gip တွင်ဝင်ရောက်လေ့လာနိုင်ပါသည်။

